


# ငြိမ်းချမ်းရေးလမ်းမထက်မှ ဝိုးတဝါး စီးပွားရေး မှတ်တိုင်များ

# “NEBULOUS ECONOMIC MILESTONES ALONG THE PEACE ROAD”

**Authors: Than Tun Soe, Thurein Lwin & Pyai Nyein Kyaw**

Inya Economics

**Editor Note**

“ဒုတိယပင်လုံအစည်းအဝေးတွင် စီးပွားရေးကဏ္ဍမှ ဝါဒ သဘောတူညီချက် (၁၁) ချက်ရရှိခဲ့ပြီး ယခုတတိယ ပင်လုံအစည်းအဝေးတွင် စီးပွားရေးကဏ္ဍ အခြေခံမှု သဘော တူညီချက် (၁) ချက်သာ သဘောတူညီခဲ့ကြတယ်။ ဒါကြောင့် တတိယပင်လုံသည် စီးပွားရေးအပေါ် အာရုံမကျ ခဲ့သော ပင်လုံဟု တထစ်ချပြောနိုင်တယ်။ ဒါ့အပြင် ပထမသဘော တူထားတဲ့ အချက်များပေါ်မှာလဲ မဆွေးနွေးခဲ့ကြဘူး၊ လိုအင်ပြည့်စုံလို့ထားခဲ့သလားဟု အမေးရှိက မည်သို့ဖြေကြမည်နည်း။ ပြည်ရေးပြည်ရာ ဆောင်ရွက်ကြသော လူကြီးမင်းများ အရေးမကြီးသော ကိစ္စဟုပင် စဉ်းစားလေသလား။ နိုင်ငံရေးတည်ငြိမ်မှ စီးပွားရေးလုပ်မယ်လို့များ အပြီးအပိုင်၊ ယုံကြည်စွဲကိုင် စဉ်းစားထားကြလေသလား။ ရေလိုက်၊ ငါးလိုက် မျောနေကြတာလား။” စည်သူကျော်

Commentary No.2 17 July 2018

# တတိယပင်လုံ စီးပွားရေးသဘောတူညီချက်အပေါ် သုံးသပ်ချက်

**သန်းထွန်းစိုး**

၂၁ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ စီးပွားရေးကဏ္ဍသဘောတူညီချက်များသည် ပေါ်ထွန်းလာမည့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စု၏ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သစ်အတွက် အခြေခံမှုများ ဖြစ်သည်ဟု နားလည်ထားပါသည်။ ယခုအစိုးရသက်တမ်းမကုန်ခင် ငြိမ်းချမ်းရေးညီလာခံ သုံးကြိမ် ထပ်မံ ကျင်းပမည်ဖြစ်ကြောင်း ကြားသိရပါသည်။ ပြည်ထောင်စုသဘောတူစာချုပ်ကို ယခုအစိုးရလက်ထက်တွင်ပင် အပြီး လုပ်ဆောင်မည်ဆိုပါက နောက်ထပ်ပြုလုပ်မည့် ငြိမ်းချမ်းရေးညီလာခံ သုံးကြိမ်အတွင်း ဖက်ဒရယ်ဘဏ္ဍာ ရေးစနစ်သစ်အတွက် ခိုင်မာသော အခြေခံမှုများ အတည်ပြုပြီးစီးရပါမည်။ လက်ရှိကျင်းပပြီးသော ပင်လုံညီလာခံများမှ စီးပွားရေးကဏ္ဍ သဘောတူညီချက်များသည် ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သစ်အတွက် 'မလုံလောက်သေး' ဟု ယူဆပါသည်။

၂၁ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံ(တတိယအကြိမ်)မှ စီးပွားရေးကဏ္ဍ သဘောတူညီချက်(၁)ချက် ရရှိပါသည်။ 'တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ရေးဆွဲရာတွင် ပြည်ထောင်စုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်းစဉ်းစားရန်' ဖြစ်ပါသည်။ ပြည်ထောင်စုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် သဟဇာတဖြစ်သော တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ကိုယ်ပိုင်ဖွံ့ဖြိုးရေးမူဝါဒချမှတ်ခွင့်ကို အာမခံပေးပြီး ချမှတ်ခွင့်ရှိသည့် ဖွံ့ဖြိုးရေးမူဝါဒများတွင် အနုတ်သဘောဆောင်သော ပြင်ပအကျိုးသက်ရောက်မှုများ မရှိစေရ ဟု မူအရ သဘောတူညီချက် ရရှိသွားကြောင်း နားလည်ထားပါသည်။ ယခုရရှိသည့် သဘောတူညီချက်သည် တိုင်းဒေသကြီး/ပြည်နယ်များ၏ လွတ်လပ်စွာ ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်ပါသည်။ ၂၀၀၈ဖွဲ့စည်းပုံက ပြဋ္ဌာန်းထားသော တိုင်းဒေသကြီး/ပြည်နယ်များအတွက် ကျဉ်းမြောင်းနေသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အတိုင်းအတာတစ်ခုအထိ ဆွဲချဲ့နိုင်ပါသည်။ သို့သော် တတိယအကြိမ် အစည်းအဝေး၏ စီးပွားရေးကဏ္ဍတွင် သဘောတူညီမှုရရှိသွားသော အချက်ကို ခိုင်မာစေရန် အခြားသော သဘောတူညီချက်များ ရအောင် ဆွေးနွေးညှိနှိုင်းယူရပါမည်။

ယခု ရရှိထားသော သဘောတူညီချက်အရ ဖြစ်ပေါ်လာမည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ဖွံ့ဖြိုးမှု မူဝါဒများအား အကောင်အထည်ဖော်ရန် သီးခြားအသုံးစရိတ်အာဏာနှင့် ထိုအာဏာအတွက် မရှိမဖြစ်၊ ဖြစ်သော လုံလောက်သည့် ဘဏ္ဍာငွေရင်းမြစ် {ဖြစ်နိုင်လျှင် တိကျကောင်းမွန်သော အခွန်အခ အာဏာခွဲဝေခြင်း(မျှဝေခြင်း)စနစ်} လိုအပ်လာပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးသည် ၎င်းတို့ရေးဆွဲထားသော မူဝါဒများကို ၎င်းတို့နယ်နိမိတ်အတွင်းသာ အကောင်အထည်ဖော်မည် ဖြစ်ရာ ပြည်ထောင်စုအစိုး၏ ကြီးကြပ်မှုကိုမလိုအပ်ပါ။ သို့သော် ၂၁ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေး

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

နိုင်ငံရေးကဏ္ဍ အာဏာခွဲဝေခြင်းတွင် "ဥပဒေပြုအာဏာများ"ဟု ရေးသားထားပြီး "သီးခြားဥပဒေပြုအာဏာများ"ဟု မရေးသားထားသည့်အတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွံ့ဖြိုးရေးမူဝါဒများကို လွတ်လပ်စွာ အကောင်အထည်ဖော်ခွင့်အတွက် စိုးရိမ်စရာ ဖြစ်ပါသည်။ ပြည်ထောင်စု-တိုင်းဒေသကြီး/ ပြည်နယ် ပူးတွဲအာဏာစာရင်းတွင်ပါဝင်ပါက ပြည်ထောင်စုအစိုးရကသာ ရေးဆွဲထားသော မူဝါဒများကို လွှမ်းမိုး ချုပ်ကိုင် အကောင်အထည်ဖော်သွားနိုင်သည့် အလားအလာ ရှိပါသည်။

နောက်တစ်ချက်စဉ်းစားရမည်မှာ မူဝါဒများ အကောင်အထည်ဖော်ရန် လိုအပ်သော ဘဏ္ဍာငွေရင်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက မည်သို့ ရယူရမည်နည်းဟူသော မေးခွန်း ဖြစ်ပါသည်။ ရေးဆွဲထားသော မူဝါဒများကို လွတ်လွတ်လပ်လပ်နှင့် အမှီအခိုကင်းကင်း အကောင်အထည်ဖော်နိုင်ရန် လုံလောက်သော ဘဏ္ဍာငွေရင်းမြစ်သည် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအတွက် ရှိရပါမည်။ ကျဉ်းမြောင်းသော အခွန်အခြေခံရှိသည့် အခွန်အမယ်များ(Narrow Tax Base)အား အခွန်ကောက်ခံရေးအခြေခံမှုများဖြင့် အလွယ်တကူ ခွဲခြားနိုင်သော်လည်း ကျယ်ပြန့်သော အခွန်အခြေခံရှိသည့် အခွန်အမယ်များမှာမူ အတော်လေးဆွေးနွေး ငြင်းခုံပြီး ခွဲဝေယူရမည့်သဘော ဖြစ်တတ်သည်။ မြန်မာပြည်အတွက် ဂျာမနီနိုင်ငံ၏ Shared Tax ပုံစံက အဆင်ပြေကောင်းပြေမည်ဟု မြင်ပါသည်။ ဂျာမနီနိုင်ငံတွင် Shared Tax အခွန်အမယ်လေးမျိုးလုံး[1]ကို ရာခိုင်နှုန်းအတိအကျဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များအကြား ခွဲဝေယူကြပါသည်။ ဤသည်မှာ ပုံစံတစ်မျိုးကို နမူနာ တင်ပြခြင်းဖြစ်ပြီး ထိုပုံစံတစ်မျိုးတည်းသာ အဖြေဟု မဆိုလိုပါ။ လိုရင်းပြန်ကောက်ရလျှင် ရေးဆွဲထားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒများကို အကောင်အထည်ဖော်ရန် သီးခြားအသုံးစရိတ်အာဏာနှင့် လုံလောက်ပြီး အမှီအခိုကင်းသော ဘဏ္ဍာငွေရင်းမြစ် လိုအပ်ပါသည်။

နိဒါန်းပိုင်းတွင် တင်ပြခဲ့သလို ယခုရရှိထားသော သဘောတူညီချက်များသည် ပေါ်ထွန်းလာမည့် စစ်မှန်သော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စု၏ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်သစ်အတွက် မလုံလောက်ပါ။ သို့ဖြစ်ရာ ခိုင်မာပြီး မှန်ကန်သော အခြေခံမှုများ လိုအပ်ပါသည်။ အချို့သော ပြဋ္ဌာန်းနိုင်သည့် အခြေခံမှုများသည် အငြင်းပွားစရာ မလိုသည်များ ရှိပါသည်။ ဥပမာ- ပြည်ထောင်စုအတွင်း ပြည်နယ်ဖြတ်ကျော် စီးဆင်းလာသည့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် အခွန်ကောက်ခံခြင်းမပြု ဆိုသည်မျိုး ဖြစ်သည်။ ထို့အပြင် အချို့သော ပြဋ္ဌာန်းမှုများတွင် ကာလအလျောက် ပြောင်းလဲတန်သည်များ ရှိရာ ခိုင်မာမှန်ကန်သော အဆုံးအဖြတ်ပေးနိုင်သည့် ကော်မရှင်မျိုး လိုအပ်ပါသည်။ ဖက်ဒရယ်နိုင်ငံအများစုတွင် အခွန်ဆိုလျှင် အမယ်ဖြင့် ယတိပြတ် ခွဲဝေသည်ထက်၊ ရာခိုင်နှုန်းဖြင့် အတိအကျ ခိုင်ခိုင်မာမာ ခွဲဝေသည်များ တွေ့ရပါသည်။ လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသော ပညာရှင်များဖြင့် ဖွဲ့စည်းသော ကော်မရှင်များ ထားရှိရေး "မှု"သည်လည်းကောင်း ဂိဝါဒအတော်ကွဲပြားမည့် "မှု"ဟု မမြင်မိပါ။

[1] ၁။ Personal Income Tax, ၂။ Corporate Income Tax, ၃။ Value Added Tax, ၄။ Interest Rebate Tax

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အားကုန်ထုတ်ကြိုးပမ်းနေသည်ဟု နားလည်ပါသည်။ အခြားသော ဖက်ဒရယ်နိုင်ငံများစနစ်ကို စနစ်တကျလေ့လာပြီး အကြံပေးမည့် သုတေသနစင်တာတစ်ခုကိုပြည်ထောင်စုအစိုးရက တည်ထောင်ပြီး လေ့လာကာ သဘောတူညီချက်များကို ဆွေးနွေးညှိနှိုင်းမည်ဆိုလျှင် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုအတွက် ယခုထက်ပိုပြီး တိကျမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု မြင်ပါသည်။

လက်ရှိ ညီလာခံတွင် ဆွေးနွေးနေသော အင်အားစုများအနေဖြင့် သဘောတူညီချက်များရရှိမည်ကာမတ္တမဟုတ်ဘဲ ရရှိလာသော သဘောတူညီချက်များသည် အခြေခံမူများ ဖြစ်လာမည်ဖြစ်သဖြင့် မှန်ကန်တိကျသော သဘောတူညီချက်များဖြစ်စေရေးနှင့် သဘောတူညီချက်များ ခိုင်မာရေးအတွက် သတိထားဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါသည်။

ဖက်ဒရယ်ဘဏ္ဍာရေးဆိုင်ရာ သဘောတူညီချက်များသည် ပြည်သူလူထု၏ နေ့စဉ်ဘဝကို များစွာလွှမ်းမိုးပါသည်။ နိုင်ငံရေးကဏ္ဍသဘောတူညီချက်များက စီးပွားရေးကဏ္ဍသဘောတူညီချက်များထက်ပိုမိုအရေးပါသည်ဆိုသည့် အမြင်မှာ အန္တရာယ် ကြီးမားပါသည်။ တန်းတူ အရေးကြီးပါသည်။ ထို့ကြောင့် စီးပွားရေးကဏ္ဍသဘောတူညီချက်များ ဆွေးနွေးအတည်ပြုရာတွင် အစိုးရနှင့်တိုင်းရင်းသားများ ယခုထက်ပိုမိုစူးစိုက်သင့်ပါသည်။ စီးပွားရေးကဏ္ဍသဘောတူညီချက်များသည် ဘောဂဗေဒသဘောအရ ထိရောက်မှုနှင့်ညီမျှမှု နှစ်ခုစလုံးအတွက် ရည်ရွယ်လုပ်ဆောင်ရမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအတွင်း စီးပွားရေး၊ ပြပြည်ထောင်စုတစ်ခုလုံး၏ စီးပွားရေးတို့အပေါ် အဆုံးအဖြတ်ပေးမည် ဖြစ်သဖြင့် လွန်စွာအရေးကြီးပါသည်။ ထပ်ဖန်တလဲလဲ တင်ပြခဲ့သလို သဘောတူညီချက်များသည် အခြေခံမူများ ဖြစ်လာမည်ဖြစ်သဖြင့် ပိုမိုအားစိုက်ထုတ်ကြဖို့ တိုက်တွန်းပါသည်။

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

## ငြိမ်းချမ်းရေးဖြစ်စဉ်ကြောင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အကျပ်အတည်းများ

## သုံးသပ်ချက်

ယနေ့အချိန်အထိ ပြည်ထောင်စုသဘောတူစာချုပ်၏ စီးပွားရေးကဏ္ဍတွင် ပါဝင်ထားသော အချက် (၁၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

**၂၁-ရာစု ပင်လုံ ဒုတိယအကြိမ် အစည်းအဝေးမှ ရရှိလာသော စီးပွားရေး ကဏ္ဍသဘောတူညီချက် (၂၀၁၇ ခုနှစ်၊ မေ မေလ ၂၉ ရက်)**

**ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ အခြေခံမူများ**

၁။ **ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး**

(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများက ခိုင်မာသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။

**မှတ်ချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့်ဥပဒေများပေါ် ပေါက်လာပါက ဆောင်ရွက်ရန် ဖြစ်သည်။

(ခ) အဆိုပါမူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြှင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွား ဖွံ့ဖြိုးမှုကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) တို့ကို ဦးတည်ဆောင်ရွက်ရန်။

(ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေးလုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့တစ်ခုက ဖြစ်စေ၊ စီးပွားရေး လက်ဝါးကြီးအုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအသီးသီးတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများ ရရှိရေး ထိရောက်စွာ ဆောင်ရွက်ရန်။

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ မျှတစွာ ခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေး စီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

## ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။

**မှတ်ချက်။** ပြည်ထောင်စုအစိုးရကချမှတ်သော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု ဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့်ဆွဲဆောင်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ရန်။

## ၂၁-ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးမှ ရရှိလာသော စီးပွားရေး ကဏ္ဍာသဘောတူညီချက် (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ရက်)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေး အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြ ပြည်ထောင်စု စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့်စီမံကိန်းများကို သဟဇာတ ဖြစ်စေရေးနှင့် ဆက်စပ်သော အခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေး ထည့်သွင်းစဉ်းစားရန်။

xxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxxx

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

အထက်ပါအချက်များတွင် ၂၀၁၇ခုနှစ် ဒုတိယအကြိမ်အစည်းအဝေးတွင် အတည်ပြုသဘောတူခဲ့သော **ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ မျှတစွာ ခွဲဝေရန်။**[2] ဆိုသည့်အချက်နှင့် ၂၀၁၈ခုနှစ် တတိယအကြိမ်အစည်းအဝေးတွင် အတည်ပြုသဘောတူညီခဲ့သော **တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေး အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိရမည်။** ဆိုသည့် အချက်၂ခုကို ဆက်စပ်၍ စဉ်းစားပါက ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသည် မည်မျှပင် ကောင်းမွန်သော စီးပွားရေးဆိုင်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများ ရေးဆွဲချမှတ်ဖော်ဆောင်ခွင့်ရှိစေကာမူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ၏ လုပ်ပိုင်ခွင့်ကို ကျော်လွန်နိုင်မည် မဟုတ်ပေ။

ဆိုလိုသည်မှာ တိုင်းဒေသကြီးများအနေဖြင့် မူဝါဒနှင့် စီမံကိန်းများကို ချမှတ်ခွင့်ရှိသော်လည်း အကောင်အထည်ဖော်ရန်အတွက် ဘတ်ဂျတ်ကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ယူရမည့် အခြေအနေရှိသည်။ ဤတွင် အားသာချက်နှင့် အားနည်းချက်များရှိပါသည်။ အားသာချက်မှာ ပြည်ထောင်စုအစိုးရမှ ဗဟို ချုပ်ကိုင်မှုအားကောင်းသောကြောင့် နိုင်ငံတော်၏ နိုင်ငံတကာနှင့် ဖက်ဆက်၍ လုပ်ကိုင်ရသော စီမံကိန်းများအတွက် လွယ်ကူစွာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ အားနည်းချက်မှာ ထိုသို့ ဗဟိုချုပ်ကိုင်မှုများခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ လုပ်ဆောင်နိုင်စွမ်းကို ကျဆင်းစေပြီး ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း နှေးကွေးစေနိုင်သည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး အခင်းအကျင်းအရ သမ္မတသည် ဘဏ္ဍာရေးကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သည့်အပြင် အဆိုပါ ကော်မရှင်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးတို့က ၎င်းတို့၏ ရပိုင်ခွင့်၊ ခုခံပိုင်ခွင့်နည်းတစ်ခုဖြစ်သော မဲစနစ်ဖြင့် ဆုံးဖြတ်သည့် လုပ်ငန်းစဉ်မရှိပေ။ မည်မျှပင် မိမိတို့ပြည်နယ်နှင့် ဒေသ ဒေသအတွက် စီမံကိန်းများရေးဆွဲစေကာမူ သမ္မတ၏ ခွင့်ပြုချက် မရလျှင် အကောင်အထည် ဖော်နိုင်လိမ့်မည် မဟုတ်ပေ။

လက်ရှိကာလတွင် အုပ်ချုပ်နေသော အစိုးရသည် စီးပွားရေးကဏ္ဍထက် နိုင်ငံရေးကဏ္ဍကို ပိုမိုဦးစားပေးနေသည့်အလျောက်၊ တတိယအကြိမ်အစည်းအဝေးတွင် စီးပွားရေးကဏ္ဍအတွက် သဘောတူညီချက် တစ်ချက်သာပါဝင်ပြီး သဘောတူရန်အတွက်အလဲ လျင်မြန်စွာ အခက်အခဲမရှိ ဆွေးနွေးသဘောတူခဲ့သည်ဟုလည်း သိရသည်။ သတိချပ်စေလိုသည်မှာ စီးပွားရေးအကျပ်အတည်းသည် နိုင်ငံရေးအကျပ်အတည်းဖြစ်ပေါ်ရန် အဓိကလမ်းကြောင်းဖြစ်သည်ကို ၂၀၀၇ခုနှစ် ရွှေဝါရောင်တော်လှန်ရေးက သက်သေပြခဲ့ပြီး ဖြစ်သည်။ ဤကဲ့သို့ စီးပွားရေးကဏ္ဍတွင် သဘောတူညီချက်များ မှေးမှိန်နေခြင်းသည်ပင်လျှင် အကျပ်အတည်းအသစ်များကို ဖိတ်ခေါ်နေသကဲ့သို့ရှိပေသည်။

---

[2] ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ အခြေခံမူများ ၁။ ဈေးကွက် စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

အခြားတစ်ဖက်တွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းဖြစ်စဉ်(Peace Process)သည် ၂၀ဝ၈ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်တွင် ရှိသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းဖြစ်စဉ်မှ ထွက်ပေါ်လာသော ရလာဒ်များသည် ၂၀ဝ၈ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကျော်လွန်၍ ရသည်ဟူသော အယူအဆမျိုးလဲ ထွက်ပေါ်လာသည်။ ဤသို့ဆိုလျှင် ပြည်ထောင်စုသဘောတူ စာချုပ် (Union Accord)တွင် ပါဝင်သော ၂၀ဝ၈ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆိုသည့် စကားရပ်များအပေါ်တွင် ယူဆချက် အကွဲအလွဲများ ထပ်မံဖြစ်ပေါ်လာမည် ဖြစ်ပြီး၊ ဥပဒေအရ ထပ်မံရှုပ်ထွေးမှုများလည်း ထပ်မံဖြစ်ပေါ်လာဦးမည် ဖြစ်သည်။ ထိုအကျပ်အတည်းအသစ်များ ထပ်မံ ဖြစ်ပေါ်လာပါက နိုင်ငံတော်၏ အနာဂတ် မည်ကဲ့သို့ရှိမည် ဆိုသည်ကို မည်သူမျှ အာမခံမှု မပေးနိုင်တော့ပေ။

ထိုအခါတွင် ငြိမ်းချမ်းဖြစ်စဉ်တွင်သာမက နိုင်ငံတော်၏ အနာဂတ်ကိုပါ ပြဌာန်းပေးနိုင်သော ဆုံးဖြတ်နိုင်ခွင့် ရှိသည့် တပ်မတော်သည် ထိုအကျပ်အတည်းအသစ်များ ထပ်မံ ဖြစ်ပေါ်လာလျှင် မည်ကဲ့သို့ လုပ်ဆောင်မည်နည်း၊ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေများအတိုင်း ရပ်တည်မည်လော သို့မဟုတ် ၎င်းတို့ပါဝင်လက်မှတ်ထိုးထားသည့် ပြည်ထောင်စု သဘောတူစာချုပ်အပေါ်တွင် ရပ်တည်မည်လော။

သုတေတနလေ့လာသုံးသပ်မှုများအရ ပြည်ထောင်စု သဘောတူစာချုပ်တွင် ပါဝင်သောအချက်များသည် ၂၀ဝ၈ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပါဝင်သော အချက်များကို အခြေခံထားခြင်း ဖြစ်သည်။ ထို့အပြင် ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိက ကိုင်စွဲနေသော အင်အားစုမှာ တပ်မတော်ဖြစ်သည်။ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်သော အဖွဲ့များကို ခြုံငုံသုံးသပ်ပါက တပ်မတော်သည် နည်းစနစ်အရရော၊ အားသာမှုအရနှင့် ကြိုတင်ပြင်ဆင်နိုင်မှုအပိုင်းများတွင်ပါ အားကောင်းသည်ကို တွေ့ရသည်။ ထိုကြောင့် ကျန်အဖွဲ့များသည်လည်း ဆွေးနွေးမှုများတွင် မိမိတို့၏ တင်ပြချက်များ ထိရောက်၊ အားကောင်းစေရန် ကြိုတင်ပြင်ဆင်မှုများ ပိုမိုလုပ်ဆောင်သင့်သည်ဟု မြင်ပါသည်။

မိမိတို့၏ စိုးရိမ်ချက်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်များသည် နိုင်ငံတော်၏ အတိတ်မှ အကျပ်အတည်များနှင့် ပြဿနာများကို ဖြေရှင်းနေခြင်းဖြစ်သင့်သည်၊ လက်ရှိ နိုင်ငံတော်၏ အကျပ်အတည်းများနှင့် ပြဿနာများကို လျှော့ချနေခြင်းဆီသို့ ဦးတည်သင့်သည်၊ သို့သော် အနာဂတ် နိုင်ငံတော်အတွက် အကျပ်အတည်းအသစ်များနှင့် ပြဿနာ အသစ်များကို နောက်မျိုးဆက်များအတွက် ချန်ထားခဲ့ခြင်းမှာမူ မဖြစ်သင့်ပေ။

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.

## အမှီအခိုကင်းလာမည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပြင်ဆင်ရမည့် အရာများ

## ပြေငြိမ်းကျော်

ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ကို စီးပွားရေး ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရှိသည်ဟု ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ- (၂၁) ရာစုပင်လုံ (တတိယအစည်းအဝေး)၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် စီးပွားရေး ကဏ္ဍအစည်းအဝေးက ဆုံးဖြတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် စီးပွားရေးဆိုင်ရာကိစ္စ အထူးသဖြင့်၊ အစိုးရ၏ ဝင်ငွေကို လွတ်လပ်စွာရှာဖွေနိုင်ရန် ဖြေလျှော့မှုတစ်ခုလည်းဖြစ်သည်။ ထိုဆုံးဖြတ်ချက်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်ပြီး မူဝါဒဆိုင်ရာ လမ်းညွှန်ချက်တစ်ခုဖြစ်သည်။ မြေပြင်တွင် လက်တွေ့ဆောင်ရွက်နိုင်ရန် ဥပဒေ ပိုင်းဆိုင်ရာ ပံ့ပိုးပေးရန်လိုအပ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် မိမိဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်စွာလုပ်ကိုင်ခွင့် ရှိမည်ဆိုသော်လည်း ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော၊ ထိခိုက်မှုနည်းသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရန် မူဝါဒ ပိုင်းဆိုင်ရာ၊ ဥပဒေ ပိုင်းဆိုင် ကြိုတင်ပြင်ဆင်မှုများလိုအပ်လိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေကြီး အသီးသီးတွင် တာဝန်မဲ့သော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့် ပြည်သူများနှင့် လုပ်ငန်းရှင်များ အကြား၊ ပြည်သူများနှင့် အစိုးရ အကြား၊ မကြာခဏ ပဋိပက္ခ ဖြစ်လေ့ရှိသည်။ မည်သူမှန်သည်၊ မည်သူမှားသည်ထက် ခိုင်မာသော စည်းမျဉ်းစည်းကမ်းများ အားနည်းခြင်း သို့မဟုတ် ရှိသော်လည်း ဖော်ဆောင်ရာတွင် အဂတိလိုက်စားမှုများရှိနေခြင်း စသည့်တို့ကြောင့် ပဋိပက္ခများနှင့် ရင်ဆိုင်နေကြရသည်။ နောက်ဆက်တွဲအနေဖြင့် ဒေသခံ ပြည်သူများက ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို စိုးရိမ်မှုများရှိလာကြပြီး၊ ဆန့်ကျင်၊ ဆန္ဒပြမှုများပြုလုပ်လာကြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနေဖြင့် စီးပွားရေး ဖွံ့ဖြိုးရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို ကြိုးပမ်းဖိတ်ခေါ် သော်လည်း တာဝန်ယူမှုနည်းသော ရင်းနှီးမြှုပ်နှံသည်နှင့်ရင်ဆိုင်ရသည့်အခါ ပြည်သူနှင့် အစိုးရကို ထိပ်တိုက်တွေ့စေပါသည်။ ထို့ကြောင့် အရင်းအမြစ်ခွဲဝေမှု လွတ်လပ်လာမည်ဆိုသော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ အနေဖြင့် စီးပွားရေးဆိုင်ရာ စွမ်းဆောင်မှုများ ပိုမိုအားကောင်းရန်လိုအပ်ပေသည်။

© The Author(s) 2018. Published by Inya Economics Research Organization. All rights reserved. For Permissions, please email: inyaeconomics@gmail.com.